# နာတာရှည်ကိုဗစ်ရောဂါဆိုတာ ဘာလဲ။

၄/၂၀၂၃ တွင် ပြင်ဆင်ခဲ့သည်

နာတာရှည်ကိုဗစ်ရောဂါဆိုသည်မှာ ကိုဗစ်-၁၉ ကူးစက်ခံရပြီးနောက်ပိုင်း ဖြစ်ပေါ်လာနိုင်သည့် အခြေအနေတစ်ရပ်ဖြစ်သည်။ ရောဂါလက္ခဏာအမျိုးမျိုး ဖြစ်တတ်ပြီး သင့်ခန္ဓာကိုယ်၏ မည်သည့်အစိတ်အပိုင်းကိုမဆို ထိခိုက်စေနိုင်ကာ အပျော့စားမှ ပြင်းထန်အခြေအနေအထိ ဖြစ်တတ်သည်။ ကိုဗစ်-၁၉ ရောဂါခံစားရသူအများစုသည် သတင်းပတ်အနည်းငယ်အတွင်း လုံးလုံးလျားလျားနာလန်ပြန်ထူလာကြသော်လည်း အချို့ကမူ နာတာရှည်ကိုဗစ်ရောဂါကို ခံစားရကာ ရောဂါ၏ သက်ရောက်မှုများကို လပေါင်းများစွာ သို့မဟုတ် နှစ်ပေါင်းများစွာကြာအောင် ခံစားကြရသည်။



> ယူတားပြည်သူ ၁၂ ဦးတွင် ၁ ဦးသည်
> နာတာရှည် ကိုဗစ်ရောဂါကို ခံစားနေကြရသည်။

ကလေးငယ်များအပါအဝင် ကိုဗစ်-၁၉ ကူးစက်ခံရသူမည်သူမဆိုသည် နာတာရှည်ကိုဗစ်ရောဂါကို ခံစားရနိုင်သည်။ လူအချို့တွင် နာတာရှည်ကိုဗစ်ရောဂါ ဘာကြောင့် ဖြစ်ပွားရသည်ကို ကျွန်ုပ်တို့ မသိပါ။ နာတာရှည်ကိုဗစ်ရောဂါသည် သင့်ဘဝကို သိသိသာသာ သက်ရောက်မှုရှိနိုင်သည်။ ကျောင်း သို့မဟုတ် အလုပ်မသွားနိုင်ခြင်း၊ မိသားစုကို မစောင့်ရှောက်နိုင်ခြင်း သို့မဟုတ် ပုံမှန်လုပ်ငန်းဆောင်တာများ မလုပ်နိုင်ခြင်းတို့ ဖြစ်နိုင်သည်။

## နာတာရှည်ကိုဗစ်ရောဂါ လက္ခဏာတွေက ဘာတွေလဲ။

နာတာရှည်ကိုဗစ်ရောဂါ ခံစားရသူများသည် ရောဂါလက္ခဏာအမျိုးစုံ တွေ့ကြုံရနိုင်သည်။ အဖြစ်အများဆုံး လက္ခဏာအချို့မှာ-

- ကိုယ်လက်နာကျင်ကိုက်ခဲခြင်း
- ဓမ္မတာလာချိန် ပြောင်းသွားခြင်း
- ချောင်းဆိုးခြင်း
- စိတ်ဓာတ်ကျခြင်း သို့မဟုတ် စိုးရိမ်စိတ်များခြင်း
- ဝမ်းလျှောခြင်း
- စဉ်းစားတွေးခေါ်ရာတွင် သို့မဟုတ် အာရုံစူးစိုက်ရာတွင် အခက်အခဲရှိခြင်း (ဦးနှောက် ထိုင်းမှိုင်းသွားခြင်း)
- မတ်တပ်ရပ်သည့်အခါ မူးဝေခြင်း
- ပင်ပန်းနွမ်းလျခြင်း
- နှလုံးခုန်မြန်ခြင်း သို့မဟုတ် တဒိတ်ဒိတ်ခုန်ခြင်း
- ကိုယ်ပူခြင်း
- ဆံပင်ကျွတ်ခြင်း
- ခေါင်းကိုက်ခြင်း
- အရသာ သို့မဟုတ် အနံ့ ပျောက်ဆုံးခြင်း သို့မဟုတ် ပြောင်းလဲခြင်း
- အသက်ရှူကျပ်ခြင်း သို့မဟုတ် အသက်ရှူရခက်ခဲခြင်း
- အိပ်စက်မှုပိုင်းဆိုင်ရာ ပြဿနာများ
- ဗိုက်နာခြင်း
- ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်းလှုပ်ရှားမှုများအပြီးတွင် ရောဂါလက္ခဏာများ ပိုဆိုးလာခြင်း (လှုပ်ရှားပြီးချိန် ကိုယ်လက်မအီမသာဖြစ်ခြင်း)
- အင်ပြင်

နာတာရှည်ကိုဗစ်ရောဂါကို အလွန်ခံစားနေရသဖြင့် ဘဝလုပ်ငန်းဆောင်တာ တစ်ခုနှင့်အထက်ကို သိသိသာသာ မလုပ်ဆောင်နိုင်ဖြစ်နေပါက ၎င်းကို မသန်စွမ်း အမေရိကန်လူမျိုးများ ဥပဒေ (Americans with Disabilities Act, ADA) လမ်းညွှန်ချက်များအရ မသန်စွမ်းမှုအဖြစ် ခွဲခြားသတ်မှတ်နိုင်ပါသည်။ သင်သည် Medicaid သို့မဟုတ် လူမှုဖူလုံရေး မသန်စွမ်းအာမခံကဲ့သို့ အကျိုးခံစားခွင့်များအတွက် သတ်မှတ်ချက်ပြည့်မီနိုင်ပါသည်။

ကိုဗစ် ကူးစက်ခံရပြီးနောက် ဤရောဂါလက္ခဏာများကို အနည်းဆုံး ၃ လကြာ ခံစားနေရပါက ဆရာဝန် သို့မဟုတ် ကျန်းမာရေး စောင့်ရှောက်မှုပေးသူနှင့် ဆွေးနွေးတိုင်ပင်ပါ။ ယခုလောလောဆယ် နာတာရှည်ကိုဗစ်ရောဂါအတွက် ကုသစရာဆေးမရှိသော်လည်း ရောဂါလက္ခဏာများကို သင် စီမံခန့်ခွဲနိုင်အောင် ဆရာဝန်တစ်ဦးက ကူညီပေးနိုင်ပါသည်။

**ပိုမိုလေ့လာရန်-** https://coronavirus.utah.gov/covid19-long-haulers/